ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံစာရင်းကောင်စီ

၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ညွှန်ကြားချက် ၁/၉၇

(၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

အကြောင်းအရာ။ ။ အစိုးရ၏ အရင်းအနှီးပါဝင်သည့် ကုမ္ပဏီနှင့်ဖက်စပ်များတွင် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်သည့်ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသိရှိလိုက်နာရန်ကိစ္စ။

၁။ အစိုးရ၏ အရင်းအနှီးပါဝင်သည့် ကုမ္ပဏီနှင့်ဖက်စပ်များအတွက် ပြင်ပစာရင်းစစ်ခန့်ထားရာတွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၅ က(၂)ပြဋ္ဌာန်းချက်နှင့်အညီ၊ စာရင်းစစ်ချုပ်၏ အကြံပြုချက် ဖြင့် ခန့်ထားပါသည်။ ထိုကုမ္ပဏီ သို့မဟုတ် ဖက်စပ်အတွက်စာရင်းစစ်အဖြစ်ခန့်အပ်ရန်အမည်စာရင်းတင်ပြထားသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းမှတ်ပုံတင်အချက်အလက်များနှင့် လုပ်ငန်းသက်တမ်း စသည့်အချက်အလက်များကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ စိစစ်ပြီး၊ စာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ရပါသည်။ စာရင်းစစ်ခန့်အပ်ရေးနှင့်စပ်လျဉ်း၍ စိစစ်အကြံပြုရာတွင် သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူ၏လုပ်ငန်းအချက်အလက်များမှန်ကန်ပြည့်စုံစွာရရှိရန်လိုအပ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင်ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လျှောက်ထားသည့်အခါ၊ သတ်မှတ်လျှောက်လွှာပုံစံတွင် ပါရှိသည့် အချက်အလက်အားလုံး(အားလုံး) ကို ပြည့်စုံစွာဖြည့်သွင်းပြီး၊ ယင်းအချက်များမှန်ကန်ကြောင်း လက်မှတ်ရေးထိုးဖော်ပြရပါမည်။

၂။ အစိုးရ၏ အရင်းအနှီးပါဝင်သည့်ကုမ္ပဏီ သို့မဟုတ် ဖက်စပ် အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်ပြထားသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူအားလိုအပ်ပါက စာရင်းစစ်ချုပ်၏ ကိုယ်စား၊ စာရင်းစစ်ချုပ်ရုံး၏သက်ဆိုင်ရာဌာနခွဲမှ ခေါ်ယူဆွေးနွေးခြင်း၊မေးမြန်းခြင်းပြုလုပ်ပါမည်။ ယင်းအပြင် စစ်ဆေးရ မည့် ကုမ္ပဏီ သို့ မဟုတ် ဖက်စပ်၏ စာရင်းများနှင့်စပ်လျဉ်း၍ ထည့်သွင်းစစ်ဆေးသင့်သည့် ကိစ္စရပ်၊ အကြောင်း အရာ၊ စစ်ဆေးရေးဦးတည်ချက်၊ နည်းလမ်း စသည်တို့ကိုလည်း လိုအပ်သလိုဆွေးနွေးညွှန်ကြား မည်ဖြစ် ပါသည်။ ယင်းသို့ ဆွေးနွေးညွှန်ကြားခြင်းမှာ မြန်မာနိုင်ငံကုမ္ပဏီများအပ်ဥပဒေ ပုဒ်မ ၁၄၅ က (၃) တွင် ပြဋ္ဌာန်း ထားသည့် စာရင်းစစ်ချုပ်၏လုပ်ပိုင်ခွင့်ကို၊ စာရင်းစစ်ချုပ်၏ လွှဲအပ်တာဝန်ပေးချက်အရ စာရင်းစစ်ချုပ်ရုံးက ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ အစိုးရ၏အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ သို့မဟုတ် ဖက်စပ်တွင် ခန့်အပ်လိုက်သည့် စာရင်းစစ်သည် ၎င်း၏ စာရင်းစစ်အစီရင်ခံစာတစ်စောင်ကို စာရင်းစစ်ချုပ်ထံသို့တင်ပြရပါမည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၅ က(၅) ပါ ပြဋ္ဌာန်းချက်အရ ထိုစာရင်းစစ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပေးခြင်း၊ အစီရင်ခံစာတွင် ထပ်မံဖြည့်စွက်ခြင်းတို့ကို စာရင်းစစ်ချုပ်က လိုအပ်သလို စီစဉ်ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ စာရင်းစစ်ချုပ်၏ အဆိုပါ လုပ်ပိုင်ခွင့်ကို၊ စာရင်းစစ်ချုပ်၏ လွှဲအပ်တာဝန်ပေးချက်အရစာရင်းစစ်ချုပ်ရုံးသက်ဆိုင်ရာဌာနခွဲက ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ထိုကဲ့သို့ စာရင်းစစ်အစီရင်ခံစာကို စိစစ်ရာတွင် စာရင်းစစ်၏စစ်ဆေးဆောင်ရွက်မှုအတိုင်းအတာနှင့် ရရှိထားသည့်အထောက်အထားများ၏ ခိုင်လုံမှုအဆင့်အတန်းကို တွက်ဆနိုင်ရေးအတွက်စာရင်းစစ်ထံ မေးခွန်းလွှာ (Questionnaire) ပေးပို့မေးမြန်းခြင်း သို့မဟုတ် စာရင်းစစ်လုပ်ဆောင်မှုစာတွဲများ (Audit Work papers) ကြည့်ရှု စိစစ်ခြင်းတို့ကို စာရင်းစစ်ချုပ်ရုံးက ဆောင်ရွက်ပါမည်။

၅။ အစိုးရ၏အရင်းအနှီးပါဝင်သည့် ကုမ္ပဏီ နှင့် ဖက်စပ်များအတွက် စာရင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ က ပြဋ္ဌာန်းချက်နှင့် အညီ စာရင်းစစ်ချုပ်ရုံးကဆောင်ရွက်မည့် အစီအစဉ်ကို ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများသိရှိရန်နှင့် ထိုအစီအစဉ်အတိုင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာစာရင်းစစ်များက ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်ပါသည်။

အမိန့်အရ

ပုံ/ xxx

မျိုးမြင့်

တွဲဖက်အတွင်းရေးမှူး

ဖြန့်ဝေခြင်း -

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများအားလုံး။

[ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လျှောက်လွှာပုံစံများပူးတွဲပါရှိပါသည်။]

မိတ္တူ -

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ။
- ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ။
- မြန်မာနိုင်ငံစာရင်းကောင်စီ အဖွဲ့ဝင်များ။
- ညွှန်ကြားရေးမှူးချုပ်၊ စာရင်းစစ်ချုပ်ရုံး။
- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
- မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံစာရင်းကောင်စီ။